# Secured Transactions Legal Reform နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

၁။ Secured Transactions Law (ST Law) ပြဋ္ဌာန်းနိုင်ရေးအတွက် Secured Transactions Legal Reform ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ မတ် (၅) ရက်နေ့ နှင့် (၆) ရက်နေ့ တို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

၂။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ST Law Working Group ဥက္ကဋ္ဌ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ ပူးတွဲဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေ၊ International Finance Corporation (IFC) မှ Mr. Jinchang Lai (Lead Financial Sector Specialist) ၊ Mr. Everett T.Wholers (Consultant) ၊ ဦးမင်းနိုင်ဦး (Legal Expert) ၊ Country Officer နှင့် Senior Financial Sector Specialist ၊ နိုင်ငံပိုင်ဘဏ် (၄) ဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေမန်နေဂျာများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံဘဏ်များ အသင်းတို့မှ တာဝန်ရှိသူများ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၄၃) ဦး တက်ရောက်ခဲ့ကြပါသည်။

၃။ အဆိုပါ ဆွေးနွေးပွဲ ပထမနေ့တွင် IFC ကိုယ်စားလှယ်များမှ ရွှေ့ပြောင်းနိုင်သော ပစ္စည်း များကို အပေါင်ပစ္စည်းအဖြစ်ထားရှိ၍ စီးပွားရေးလုပ်ငန်းများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင် စေရန် Modern Secured Transactions Regime ပါ အချက်အလက်များအား ရှင်းလင်း ဆွေးနွေးခြင်း၊ Modern Secured Transactions ဆိုင်ရာ ဥပဒေမူဘောင်အား ခြုံငုံသုံးသပ်ခြင်း၊ ST Law ပထမမူကြမ်းအား ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနေ့တွင် ယင်းဆွေးနွေးချက်များအပေါ် တက်ရောက်လာသည့်ကိုယ်စားလှယ်များမှ ပြန်လည်စိစစ်၍ ဝိုင်းဝန်း ဆွေးနွေးခြင်း၊ အကြံပြုချက်များဖိတ်ခေါ်ခြင်းနှင့် ST Law မူကြမ်းတွင် ပြင်ဆင် ဖြည့်စွက်ရန် လိုအပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်အပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။